mgyee.com
SAMPLE BOOK



# ပဉ္စမ မဏ္ဍိုင် အရွေ့

(သို့မဟုတ်)

# ရွေးကောက်ပွဲအပြီး ပြည်သူများ ရှေ့ဆက်ရမည့် ခရီး

ဒေါက်တာ ထွန်းဝင်း

2016.GRAPHIC DESIGN : KYAW MINN MOUNG


mgyee.com

mgyoe.com
SAMPLE BOOK

စာဖတ်သူ၏ အရွေ့ဆိုတာကတော့
စာရေးဆရာတွေ ပြောတိုင်းလည်း မယုံဘူး။
သူတို့ပြောတာတွေကို နားထောင်ပြီး
ဝေဖန်ပိုင်းခြား ခွဲခြမ်းစိတ်ဖြာတယ်၊
ကောင်းတာကို လက်ခံတယ်၊
မကောင်းဘူးထင်တာကို ပယ်တယ်၊
ပြန်လှန်မေးခွန်း မေးတယ်၊
ဖြည့်စွက် ဆွေးနွေးတယ်။
စာရေးဆရာတွေ၊ ဟောပြောသူတွေကိုတောင်
ပြန်ပြီး ဆရာလုပ်နိုင်တယ်၊
ထောက်ပြလာနိုင်တယ်။

ပဉ္စမ မဏ္ဍိုင် အရွေ့
(သို့မဟုတ်)
**ရွေးကောက်ပွဲအပြီး ပြည်သူများ ရှေ့ဆက်ရမည့် ခရီး**

ဒေါက်တာ ထွန်းဝင်း



mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ကျော်ဝေ၊ ရွှက်စိမ်းစာပေ(၀၀၀၄၇)
အမှတ်-၄၃(A)၊ ၄-လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - မတ်လ၊ ၂၀၁၆ ခုနှစ်။ ကံ့ကော်ဝတ်ရည်စာပေ။
အုပ်ရေ - ၅၀၀
မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်းပုံနှိပ်တိုက်(၀၀၄၃၅)
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် - အလင်္ကာဝတ်ရည်ပုံနှိပ်တိုက်(၆၃၂၇)
အမှတ် (၁၃၅)၊ လုံးသွယ် (၁) လမ်း၊ ၂၉-ရပ်ကွက်၊ သုဝဏ္ဏ၊ရန်ကုန်။
ဖုန်း- ၀၉ ၄၄၈၀၁၆၂၃၂
မျက်နှာဖုံးဒီဇိုင်း - ကျော်မင်းမောင်
တန်ဖိုး - ၂၀၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

# ပဉ္စမမဏ္ဍိုင်အရွေ့

သို့မဟုတ်

## ရွေးကောက်ပွဲအပြီး ပြည်သူများ ရှေ့ဆက်ရမည့်ခရီး

## ဒေါက်တာထွန်းဝင်း

ကံ့ကော်ဝတ်ရည်စာပေ

အမှတ်-၂၂၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉ ၂၅၀၀၁၂၃၄၈ ၊ ၀၉ ၃၁၅၆၁၄၁၈ ၊ ၀၉ ၇၃၀ ၄၁၁၃၇

email: kantkawwutyee@gmail.com

http://kantkawwutyee.myanmaronlinesales.com

တွင် ဝင်ရောက်ကြည့်ရှု မှာယူနိုင်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


**အခန်း (၁) အပေါင်းလက္ခဏာဆောင်သောနိုင်ငံသားဆိုသည်မှာ - ၁၁**

၁။ တစ်ဖက်သား၏ ဩဇာလွှမ်းမိုးခြင်းမခံရသူတို့၏ အရည်အသွေး (သို့မဟုတ်) ခြောက်တိုင်းလည်း မကြောက်၊ မြှောက်တိုင်းလည်း မမြှောက်တဲ့လူ - ၁၁

၂။ တိုင်းပြည်တစ်ခုတည်ဆောက်ရေးအတွက် ပဋ္ဌမမဏ္ဍိုင်၏တာဝန်ဝတ္တရားများ - ၁၆

၃။ အတုယူစရာ ပုဂံခေတ်က မြန်မာ့ပဋ္ဌမမဏ္ဍိုင် - ၂၀

**အခန်း (၂) အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးနှင့် ပဋ္ဌမမဏ္ဍိုင် - ၂၅**

၄။ သာမန်နိုင်ငံသားတစ်ဦးစီက ပြုလုပ်နိုင်သော အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး နည်းလမ်းများ - ၂၅

၅။ အကျင့်ပျက်ခြစားမှုကို ပတ်ဝန်းကျင်ဗဟိုပြုနည်းလမ်းဖြင့် တိုက်ဖျက်ခြင်း ဆိုသည်မှာ - ၃၀

**အခန်း (၃) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပဋ္ဌမမဏ္ဍိုင် - ၃၇**

၆။ စတုတ္ထမဏ္ဍိုင်၏ အကူအညီမရသော ပြည်သူတစ်ယောက် ပဋ္ဌမမဏ္ဍိုင်ရဲ့ လှုပ်ရှားဟန် - ၃၇

၇။ စတုတ္ထမဏ္ဍိုင်နှင့် ပဋ္ဌမမဏ္ဍိုင် အချိတ်အဆက် - ၄၂

၈။ လူတစ်ယောက်ချင်းစီက ပြုလုပ်နိုင်သော ခရီးသွားဟန်လွှဲ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ဆောင်ချက် ဥပမာများ - ၄၆

၉။ ပြည်သူတွေ လက်လှမ်းမီတဲ့ သယံဇာတ - ၅၁


mgyoe.com

mgyoe.com SAMPLE BOOK

**အခန်း (၄) ပဋ္ဌမမဏ္ဍိုင်၏ ရွေးချယ်စရာလမ်းစဉ် နမူနာများ - ၅၇**

၁၀။ ဖွံ့ဖြိုးရေးအတွက် ထိရောက်သောခြေလှမ်းများဆိုသည်မှာ - ၅၇
၁၁။ နိုင်ငံသားတစ်ဦးချင်း ဝင်ငွေတိုးခြင်းနှင့်အတူ စုဆောင်းခြင်း အမူအကျင့် - ၆၁
၁၂။ စနစ်တကျတန်းစီကြရင် ပိုကောင်းမည် - ၆၆
၁၃။ အလုပ်အကိုင်ရှားပါးမှု ပြဿနာကို ဖြေရှင်းသော နည်းလမ်း - ၇၀
၁၄။ ရှက်တယ်ဆိုရင် ဘာဆက်လုပ်ကြမလဲ - ၇၄
၁၅။ နားလည်ပေးပါ၊ ဖြည့်တွေးပေးပါ ဆိုသူများအတွက် စကားလက်ဆောင် - ၈၀
၁၆။ ပြည်သူတွေ လက်လှမ်းမီသော အပြောင်းအလဲတစ်ခု - ၈၅
၁၇။ ကဲ ဟုတ်ပြီ … ဒီတော့ ဘာဆက်လုပ်ရမလဲ - ၉၀
၁၈။ စာဖတ်သောပြည်သူတို့၏အရွေ့၊ သို့မဟုတ် ပန်းတိုင်းပွင့်ပါစေ - ၉၅
၁၉။ နွားနို့သောက်ရမည့်ကိစ္စနှင့် ရှုထောင့်အတွေတွေ - ၁၀၀

**အခန်း (၅) ပဋ္ဌမမဏ္ဍိုင်၏ပါဝါ (ဩဇာ) - ၁၀၅**

၂၁။ ဒီမိုကရေစီခေတ်မှာ ပြည်သူတို့၏ အမိန့်ပေးနိုင်သောပါဝါ - ၁၀၅

**အခန်း (၆) ပဋ္ဌမမဏ္ဍိုင်အတွက် စိတ်အာဟာရများ - ၁၁၁**

၂၂။ စိတ်မညစ်ခြင်းဗျူဟာတစ်ခု (သို့မဟုတ်) ဆိတ်နို့နဲ့ ဆိတ်သားကို
ရောမချက်ခြင်း - ၁၁၁
၂၃။ ဒဏ်ရာများကို ကုစားနည်းအမှန် - ၁၁၅
၂၄။ မိမိ၏ ပစ္စည်းဆုံးရှုံးမည့်အန္တရာယ်ကြုံလျှင် ရောဂါလည်းမဖြစ်စေနှင့်၊
တရားနှင့်လည်း ဖြေ၊ အစွမ်းကုန်လည်း ကာကွယ် - ၁၁၉
၂၅။ လူသုံးယောက်မှာ တစ်ယောက်က စိတ်ကျရောဂါဖြစ်နေရင်
ပြဿနာ ဖြေရှင်းနည်း - ၁၂၆

**အခန်း (၇) အနုတ်လက္ခဏာဆောင်သောလူအချို့ - ၁၃၃**

၂၆။ ဒံပေါက်စားတဲ့ ပြည်သူတွေအကြောင်း - ၁၃၃

mgyoe.com

mgyoe.com SAMPLE BOOK

# စာရေးသူ၏အမှာ

နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးသည် ဥပဒေပြုမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်၊ စတုတ္ထမဏ္ဍိုင်ခေါ် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းလောကနှင့် အသံလွှင့်၊ ရုပ်သံမီဒီယာများအပြင် ပဉ္စမမဏ္ဍိုင်ဖြစ်သော ပြည်သူလူထုကြီး၏ ပံ့ပိုးမှု အပေါ်၌ များစွာ တည်မှီနေပါသည်။

ဤသို့ မဏ္ဍိုင်အရပ်ရပ်၌ ပဉ္စမမဏ္ဍိုင်မှာ ထုထည်အင်အား အကြီးဆုံးနှင့် အရေးအကြီးဆုံးဖြစ်ရာ ပဉ္စမမဏ္ဍိုင်ဖွံ့ဖြိုးရေးသည် တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် အသက်သွေးကြောပင် ဖြစ်သည်ဟု ယုံကြည်မိပါသည်။ သို့ပါ၍ ပဉ္စမမဏ္ဍိုင် ဖွံ့ဖြိုးရေးနှင့်ဆိုင်သော ဤစာအုပ်ကို တတ်အားသရွေ့ စီစဉ်တင်ဆက်လိုက်ပါကြောင်း။

ဒေါက်တာထွန်းဝင်း

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK



# စာရေးသူ၏ ကိုယ်ရေးအကျဉ်း

| | |
|---|---|
| လက်ဝယ်ရှိအောင်လက်မှတ်များ | - M.B.B.S., H.G.P<br>Dip.D.S.,M.P.A |
| အမှန်တကယ် ဦးနှောက်ရှိ<br>ပညာအရည်အချင်း | - သင်ယူဆဲ |
| ထမ်းဆောင်ခဲ့သည့်တာဝန်များ | - ကိုယ့်အားကိုယ်ကိုး ပြည်သူ့ဆေးရုံ တာဝန်ခံ၊ NGO ဆေးရုံ၏ ဆေးအရာရှိ WHO, UNDP, UNOPS နှင့် INGO စီမံကိန်းများတွင် မြို့နယ် စီမံကိန်း ညှိနှိုင်းရေးမှူး၊ အမျိုးသား စီမံကိန်း ညှိနှိုင်းရေးမှူး တာဝန်ခံများ၊ လူသားအရင်းအမြစ် စီမံခန့်ခွဲရေး မန်နေဂျာ၊ လူသားအရင်းအမြစ် စီမံခန့်ခွဲရေးကိုယ်ပိုင်သင်တန်း။ |
| တွေ့ကြုံခဲ့သောအလုပ်ရုံဆွေးနွေးပွဲများ | - နိုင်ငံခြားသားများနှင့်အတူ တက်ရောက်ခဲ့သော ဝပ်ရှော့၊ ညီလာခံ၊ အပြည်ပြည်ဆိုင်ရာ ညီလာခံအရေအတွက် ၅၀ ခန့်၊ |

mgyoe.com

mgyoe.com SAMPLE BOOK

| | |
|---|---|
| | မိမိကိုယ်တိုင် ဦးစီး၍ INGO၊ ပြည်တွင်း NGO၊ ကုမ္ပဏီ၊ တောင်သူဦးကြီးများ ကို ကျင်းပပေးခဲ့သော ဝပ်ရှော့ အရေ အတွက် ၆၀ ခန့်။ |
| လက်ရှိအလုပ်အကိုင် | - စာရေးဆရာအဖြစ် လုပ်ကိုင်လျက်ရှိပြီး Human Resource Management, Admin Management, Project Cycle Management, Good Governance & Public Policy, Policy Making For Companies ဘာသာအရပ်အတွက် NGO များနှင့် ကုမ္ပဏီများသို့ Freelance Training Consultant အဖြစ် လုပ်ကိုင်လျက် ရှိသည်။ |
| ရေးသားခဲ့သော ဆောင်းပါးပုဒ်ရေ | - ၁၄၀၀ |
| ရေးသားပြီးလုံးချင်း | - ၄၆ အုပ် |
| မြန်မာမဂ္ဂဇင်းများတွင် စတင်ရေးသားသောခုနှစ် | - ၁၉၈၇ ခုနှစ် |
| နိုင်ငံခြားမဂ္ဂဇင်းတွင် စတင်ရေးသားသောခုနှစ် | - ၂၀၀၀ ပြည့်နှစ် |
| မိမိဘဝမျှော်လင့်ချက် | - လူ့ဘဝဝယ် မသေမီစပ်ကြား၌ ပျားရည် ထုတ်လုပ်ပေးသော ပျားတစ်ကောင် လောက်တော့ အနည်းဆုံး တန်ဖိုးရှိချင် သည်။ |
| ဤစာအုပ်အတွက် မျှော်လင့်ချက် အတိုင်းအတာ | - ဖွံ့ဖြိုးသောတိုင်းပြည် တည်ဆောက်ရာ တွင် အနည်းဆုံး အုတ်တစ်ချပ် သဲ တစ်ပွင့်ပမာဏ။ |

■

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း[၁]

## အပေါင်းလက္ခဏာဆောင်သော နိုင်ငံသား ဆိုသည်မှာ

**တစ်ဖက်သား၏ ဩဇာလွှမ်းမိုးခြင်းမခံရသူတို့၏ အရည်အသွေး၊ သို့မဟုတ် ခြောက်တိုင်းလည်း မကြောက်၊ မြှောက်တိုင်းလည်း မမြောက်တဲ့လူ**

ကမ္ဘာကျော် FORBES မဂ္ဂဇင်းကြီးက ကမ္ဘာပေါ်တွင် ၂၀၁၀ ပြည့်နှစ်အတွက် ဩဇာ (ပါဝါ) အရှိဆုံး အမျိုးသမီးတွေဟာ ဘယ်သူလဲလို့ စစ်တမ်းလိုက်ကောက်ခဲ့သောအခါ အမေရိကန်သမ္မတအိုဘားမား၏ဇနီး မစ်ရှဲအိုဘားမားက ကမ္ဘာ့ဩဇာအရှိဆုံး မိန်းမသားဟု ဆိုပါ၏။

## ဩဇာ (Power) ဆိုသည်မှာ အဘယ်နည်း

The ability of a person or group to Change the Atitudes or Behavior of others. အခြားသူတို့၏ အတွေးအခေါ်နှင့် အမူအကျင့်တို့ကို ပြောင်းလဲစေနိုင်သော စွမ်းရည်ကို ပါဝါဟု ခေါ်ပါသည်ဟု ဆို၏။ အဘိဓာန်တစ်ခုတွင်တော့ Power ကို ဩဇာဟုလည်း ဆိုပါ၏။

## REFERENT POWER

mgyoe.com

## အထင်ကြီးလေးစားခံရခြင်းဖြင့် ရရှိသည့်ပါဝါ

ပါဝါအမျိုးမျိုးရှိသည့်အနက် မီရှဲအိုဘားမား ရရှိခဲ့သော Power သည် Referent Power လို့ ဆိုနိုင်ပါ၏။ Referent Power ဆိုတာ လူကြိုက်များ၍ လေးစားခံရခြင်းကြောင့် ရရှိသောပါဝါ ဖြစ်၏။ သမ္မတကတော် ဟူသော အနေအထား ကြောင့် မဟုတ်။ အဘယ်ကြောင့်ဆိုသော် ဖိုးဘီးစ်မဂ္ဂဇင်း၏ လေ့လာချက်အရ ပါဝါအရှိဆုံး အမျိုးသမီးများမှာ မီရှဲအိုဘားမား (အဆင့်-၁)၊ KRAFT FOODS ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် အီရင်းရိုဇန်ဖယ် (အဆင့်-၂)၊ အော်ပရာဝင်းဖရေး (အဆင့်-၃)၊ ဟီလာရီကလင်တန် (အဆင့်-၅)၊ ပြင်သစ်သမ္မတကတော် ကာလာ ဘရူနီ (အဆင့်-၃၅)၊ ဗြိတိန်ဘုရင်မကြီး (အဆင့်-၄၁)တို့ ဖြစ်ကြောင်း တွေ့ရ၏။ ဗြိတိန်ဘုရင်မကြီးသည် အဆင့် (၄၁) သာ ရ၏။ ထို့ကြောင့် သူတို့ရှိသော ဩဇာ မှာ ရာထူးကြောင့် မဟုတ်ကြောင်း ထင်ရှား၏။ ဒီတော့ မီရှဲအိုဘားမားက ဘာကြောင့် ဩဇာရှိလဲ၊ လေးစားခံရလဲ ဆိုရင် သူမသည် မိမိကိုယ်တိုင်ဦးစီးသော အဖွဲ့တစ်ဖွဲ့ကို တည်ထောင်၏။ လူမှုရေးလုပ်ငန်းများစွာ လုပ်၏။ အမျိုးသမီးများ၏ အခွင့်အရေး အတွက် များစွာ ဆောင်ရွက်ပေး၏။ ကလေးသူငယ်များ အာဟာရ ဖြည့်တင်းရေး လုပ်ငန်းများ များစွာ ဆောင်ရွက်၏။ သူမ၏ စတိုင်ကျသော ဝတ်စားပုံသဏ္ဌာန်လည်း ပါ၏။

ထို့ကြောင့် လူကြိုက်များ အထင်ကြီး လေးစားခံရ၏။ အများ၏ အားကျ ခြင်း ခံရ၏။ အထင်ကြီး လေးစားခံရလို့ ဩဇာရှိခြင်းမျိုးကို REFERENT POWER ဟု ခေါ်ပါ၏။

## REWARD POWER

### ချီးမြှင့်ပေးကမ်းခြင်းဖြင့် ရရှိသောပါဝါ

ကျွန်တော့်တွင် ကိုညာဏ်ထူး (နာမည်လွှဲထား) ဟူသော မိတ်ဆွေတစ်ဦး ရှိ၏။ သူက အရက်သမားပါ။ အရက်သောက်ပြီး ရပ်ကွက်ထဲ၌ ဟိုနေရာ လဲလိုက်၊ ဒီနေရာ လဲလိုက်ဖြစ်၍ သိက္ခာကျသည်ဟု ဆိုနိုင်၏။

ကျွန်တော်က သူ့ကို ဒီလို ပြောပါ၏။

"ကိုညာဏ်ထူး၊ အရက်မူးပြီး လဲလဲနေတော့ ခင်ဗျားကို လူအထင်သေး မှာပေါ့" ဟု ဆိုရာ သူ ပြန်ပြောပုံကတော့ မှတ်သားစရာပါ။

"ဒီလိုကွ၊ အခုနေတော့ အထင်သေးချင် သေးနေမှာပေါ့ကွာ။ တစ်နေ့ ကိစ္စရှိလို့ ငါက ရိုသေခံချင်ရင် လွယ်လွယ်လေးပါ။ ငါ့အိမ်မှာ အလှူလုပ်ပြီး ငါ့ကို အတင်းပြောနေတဲ့သူတွေကို ဒံပေါက် ဖိတ်ကျွေးလိုက်ရင် အစ်ကိုလေး

mgyoe.com

mgyoe.com SAMPLE BOOK


ကိုညဏ်ထူး တော်လိုက်တာလို့ ချီးကျူးကြမယ့် လူတွေကွ" ဟု ဆိုရာ၊ သူက ဒံပေါက်ကျွေးလိုက်ပါက ဩဇာရှိသွားမယ်ဟု ဆိုရာ ပေးကမ်းခြင်းဖြင့် ရရှိသော ပါဝါ (REWARD POWER) ဟု ခေါ်၏။ ထို့ကြောင့် ပေးကမ်းခြင်းသည် အောင်မြင်ရာ၏ဟု ဆိုပါ၏။

ရှေးအခါ တိုင်းပြည်နှစ်ပြည်ရှိရာ အင်အားကြီးတိုင်းပြည်က အင်အားငယ်တိုင်းပြည်ကို ကျူးကျော်စစ်တိုက်ရန် ဟန်ပြင်၏။ ထိုအခါ အင်အားငယ်နိုင်ငံက ဘုရင်က အင်အားကြီးနိုင်ငံရဲ့ ရှင်ဘုရင်ကို သမီးတော် ဆက်သလိုက်ပါတယ်။ ထိုအခါ အင်အားကြီးနိုင်ငံက စစ်မတိုက်တော့ဘူး။ ဒီတော့ အင်အားကြီးစစ်တပ်ကြီးကို စစ်မတိုက်ရန် ဟန့်တားလိုက်တာ သမီးတော်ပေးလိုက်တဲ့ ပါဝါဖြစ်လို့ REWARD POWER ဟု ခေါ်၏။

## CORCEIVE POWER

### ဒဏ်ပေးနိုင်၍ ဩဇာရှိခြင်း

သမိုင်းတွင် မြန်မာဘုရင် သီပေါမင်းကို နန်းချ၍ အင်္ဂလိပ်တို့က မြန်မာကို ကိုလိုနီအဖြစ် အုပ်ချုပ်၏။ မြန်မာတွေက အင်္ဂလိပ်တွေကို မလေးစားပါဘူး။ သူတို့က ကျူးကျော်သူတွေပဲ။ ဒီတော့ အင်္ဂလိပ်မှာ REFERENT POWER ဆိုတာ မရှိဘူး။ ဒါ့အပြင် အင်္ဂလိပ်တွေက သဘောကောင်းပြီး မြန်မာတွေကို ပေါင်မုန့်လင် ငွေတွေ မုန့်ဖိုးပေးနေတာ မဟုတ်ဘူး။ ဒီတော့ REWARD POWER လည်း မရှိဘူး။ သို့သော် သူတို့ကို ဆန့်ကျင်လျှင် ဖမ်းပြီး ထောင်ချနိုင်ပါသည်။

ဒီတော့ အင်္ဂလိပ်ခေတ်က အင်္ဂလိပ်ဩဇာကိုလည်း နာခံရသည်မှာ သူတို့က ပြစ်ဒဏ်ပေးနိုင်သော ပါဝါရှိရာ ၄င်းပါဝါအမျိုးအစားကတော့ CORCEIVE POWER ဖြစ်ပါသည်။

## LEGITIMATE POWER

### ရာထူးကြောင့် ရရှိသောပါဝါ

ရာထူးကြောင့် ရရှိသောပါဝါကို LEGITIMATE POWER ဟု ခေါ်ပါသည်။ ဥပမာ – ဒုတိယမန်နေဂျာသည် ယေဘုယျအားဖြင့် မန်နေဂျာကို တော့ ရိုသေရမှာပါပဲ။ ရှင်ဘုရင်ဟာ အိမ်ရှေ့မင်းသားအပေါ်မှာ ဩဇာညောင်းတာကတော့ Legitimate Power ဖြစ်ပါ၏။

## CONNECTION POWER

mgyoe.com

mgyoe.com
SAMPLE BOOK


အဆက်သွယ်ကြောင့် ဩဇာညောင်းခြင်းကို Connection Power ဟု ခေါ်၏။

တစ်ခါက ကုမ္ပဏီတစ်ခုတွင် မန်နေဂျာသည် မိမိ၏ လက်အောက်က လက်ထောက်မန်နေဂျာကို ပြန်၍ လန့်ရ၏။ မဆန့်ကျင်ရဲပါ။ သတိထား ဆက်ဆံရ၏။ အရင်းစစ်တော့ ၄င်း လက်ထောက်မန်နေဂျာသည် ကုမ္ပဏီဥက္ကဋ္ဌ၏ လူယုံဖြစ်ပြီး ဥက္ကဋ္ဌနဲ့ တစ်နေ့နှစ်ကြိမ်လောက် ဖုန်းပြောနေသူ ဖြစ်သောကြောင့်ပါ။ သူ့ရဲ့ အဆက်အသွယ်ကြောင့် သူဟာ ဘုန်းကံရှိနေတာ၊ ဩဇာညောင်းနေတာကို Connection Power ဟု ခေါ်ပါ၏။

## INFORMATION POWER

သတင်းပေးနိုင်သူများသည် ဩဇာရှိပါ၏။ တိုင်းပြည်မှာ ပြည်သူတွေက မီဒီယာများကို လေးစားသည်ဆိုပါက မီဒီယာ ဩဇာရှိပါသော် Informational Power ဖြစ်၏။ မဟုတ်တာ လုပ်နေသူတွေက မီဒီယာများကို လန့်ကြသည်မှာလည်း Informational Power ဟု ခေါ်နိုင်၏။

## EXPERT POWER

ကျွမ်းကျင်သူ၏ ဩဇာကို Expert Power ဟု ခေါ်၏။ ပါကစ္စတန်တွင် အဏုမြူဗုံးထုတ်လုပ်နိုင်သော နည်းပညာရှင် ဒေါက်တာ အေဂျူခန်း၏ အရှိန်အဝါ မသေးတာကို Expert Power ဟု ခေါ်၏။

## ဩဇာလွှမ်းမိုးခြင်း မခံရသူတို့၌ ရှိသော ဩဇာ ဆိုသည်မှာ

အင်္ဂလိပ်ခေတ်က ဖြစ်ပါ၏။ အင်္ဂလိပ်တို့သည် မိမိတို့အား ဆန့်ကျင်သူများကို ပြစ်ဒဏ်ပေး ထောင်ချနိုင်သော ပါဝါ Conceive Power ရှိ၏။ သို့သော် ဆရာစံတို့လို လူမျိုးကျတော့ ထောင်ကျမှာကို မကြောက်ပါ။ သခင်ဖိုးလှကြီးလို လူမျိုး၊ ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော်လို လူမျိုးတွေက ထောင်ကျမှာ မကြောက်ဘဲ အင်္ဂလိပ်ကို ဆန့်ကျင်၍ အင်္ဂလိပ်၌ Conceive Power မရှိတော့ပါ။ အင်္ဂလိပ်တို့က မြန်မာသူကြီး၊ မြို့အုပ်တို့ကို ATM (အမိန့်တော်ရမင်း၊) KSM (ကျက်သရေဆောင် ရွှေစလွယ်ရမင်း) ဘွဲ့များ၊ နှစ်လုံးပြူး သေနတ်တို့ကို ချီးမြှင့်၍ သူကြီး၊ မြို့အုပ်တို့အပေါ် ဩဇာညောင်းခြင်းမှာ Reward Power ဖြစ်၏။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းတို့လို လူမျိုးကိုတော့ ATM, KSM ဘွဲ့ပေးပြီး စည်းရုံး၍

mgyoe.com

mgyoe.com SAMPLE BOOK

ရမည် မထင်ပါ။ ဗိုလ်ချုပ်က တောင်းဆိုသည်မှာ လွတ်လပ်ရေးသာ ဖြစ်ပါသည်။ ထို့ကြောင့် ဗိုလ်ချုပ်လိုလူမျိုးကို Reward power ဖြင့် သြဇာပေး၍ မရတာ သေချာ၏။

ခြောက်၍လည်း မကြောက်၊ မြှောက်၍လည်း မမြောက်သော လူမျိုးကို Reward Power နှင့် Conceive power သုံး၍ မရပါ။ ဗိုလ်ချုပ်တို့လို လူမျိုးမှာ ကိုယ်ပိုင်အရည်အသွေး ရှိပါသည်။ အဲဒါကတော့ 'မိမိရဲ့ယုံကြည်ချက်'ပဲ ဖြစ်၏။ ငွေနှင့်ပေါက်ပြီး ယုံကြည်ချက်ကို ပြောင်းလဲနိုင်း၍ မရပါ။ ဖိုးဘီး မဂ္ဂဇင်း၏အဆိုအရ ဗြိတိန်ဘုရင်မကြီးပင်လျှင် ကမ္ဘာပေါ်၌ ပါဝါအဆင့် (၄၁)သာ ရှိပါသည်။

ဘုရင်မကြီးက "ငါ မုန့်ဖိုးပေးပါ့မယ်။ ဆာဘွဲ့ချီးမြှင့်မယ်။ ငါ့သြဇာ ခံပါလားကွယ်" လို့ ပြော၍ မရပါ။ ထို့ကြောင့် လေးစားအောင် နေပြ၊ အလုပ်လုပ်ပြ၊ အနစ်နာခံပြမှ သြဇာရှိမည်။

ပါဝါ၏သဘောကို ယနေ့လူငယ်များ စဉ်းစားလေ့လာ သင်ခန်းစာ ယူသင့်၏။ မိမိတို့ကို ပေးတိုင်း၊ ကျွေးတိုင်း မိမိတို့က သူများကို ဆရာတင်နေ သ၍ မိမိတို့ကို တပည့်လုပ်ဖို့ သူများတွေအတွက် လွယ်နေဦးမည်ဟု ဆိုချင်ပါ ကြောင်း။

■

mgyoe.com

mgyoe.com SAMPLE BOOK

# တိုင်းပြည်တစ်ခုတည်ဆောက်ရေးအတွက် ပဋ္ဌမမဏ္ဍိုင်၏ တာဝန်ဝတ္တရားများ

ယခုမျက်မှောက် ပစ္စုပ္ပန် အခါသမယတွင် ပဋ္ဌမမဏ္ဍိုင် ဟူသော စကားရပ်သည် နာမည်ကြီးလာပါ၏။ ဂျာနယ်တို့မှတစ်ဆင့် ကြားသိရသည်မှာ နိုင်ငံတော်သမ္မတကြီးက ပြည်သူလူထုကြီးဟာ ပဋ္ဌမမဏ္ဍိုင်ဖြစ်ပါသည်ဟု ဆို၍ ပြည်သူတို့၏အရေးပါ အရာရောက်ပုံကို ထုတ်ဖော်ရာမှ အစပြု၍ ပဋ္ဌမမဏ္ဍိုင်အကြောင်း ပြည်သူတို့ကြားဝယ် ဆွေးနွေးကြသည်များ ရှိပါ၏။

မကြာမီ တစ်နေ့သောအခါက ကျွန်တော်၏ မိတ်ဆွေတစ်ဦးသည် ပဋ္ဌမမဏ္ဍိုင်သည် အခြားမဏ္ဍိုင်လေးခုနဲ့ ဘယ်လိုဆက်စပ်မှုရှိပါသလဲ၊ ကလောင်ရှင်တစ်ဦးအနေဖြင့် ဆောင်းပါးလေး ရေးပါဦးဟု တောင်းဆိုဖူးပါသည်။

ပဋ္ဌမမဏ္ဍိုင်အကြောင်းကို မရေးမီ သူ့ရှေ့က မဏ္ဍိုင်လေးခုအကြောင်းကို ဦးစွာ အစနည်းနည်းဖော်မှ ပြည့်စုံပါမည်။ တစ်ဖန် ၄င်းမဏ္ဍိုင်လေးခုအနက် စတုတ္ထမဏ္ဍိုင်ဟူ၍ စာနယ်ဇင်း မီဒီယာတို့ကို ကင်ပွန်းတပ် နေရာပေးလာပါ၍ စာနယ်ဇင်းတို့သည် မိမိတို့ အခန်းကဏ္ဍက လှုပ်ရှားကြရာ အရေးပါ အရာရောက်ပါ၏။ ၄င်းစတုတ္ထမဏ္ဍိုင်၏ ရှေ့ကရောက်နေသော မဏ္ဍိုင်သုံးရပ်ကတော့ တရားဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ပဲ ဖြစ်ပါ၏။

၄င်း မဏ္ဍိုင်သုံးရပ်၏ အရင် အတိတ် သမိုင်းကြောင်းကို ပြန်သွားသော် ရှေးယခင် သက်ဦးဆံပိုင်ဘုရင်စနစ်ကို ပြန်ကြည့်ပါသော် သက်ဦးဆံပိုင် ဘုရင်တစ်ပါး

mgyoe.com

သည် အုပ်ချုပ်ရေးအာဏာလည်း ရှိ၏။ ဆန္ဒရှိက တရားစီရင်နိုင်၏။ ဘုရင်၏ ဆန္ဒသည် ဥပဒေ၏ အထက်တွင် ရှိပါ၏။ ထို့ကြောင့် သက်ဦးဆံပိုင် ဘုရင်တစ်ပါးသည် အုပ်ချုပ်ရေးအာဏာ၊ ဥပဒေပြုအာဏာ၊ တရားစီရင်ရေးအာဏာ သုံးခုလုံးကို ချုပ်ကိုင်ထားသည်။ နောက်ပိုင်းတွင် ဒီမိုကရေစီနိုင်ငံများ ပေါ်ပေါက်လာသောအခါ သမ္မတ၏ အုပ်ချုပ်ရေးအာဏာက သတ်သတ်၊ ဥပဒေပြုလွှတ်တော်က သတ်သတ်၊ တရားသူကြီးအဖွဲ့က သတ်သတ်တွေ ဖြစ်ကုန်ပါ၏။

တစ်ဖွဲ့နှင့်တစ်ဖွဲ့ သြဇာပေးခြင်း မရှိကြပါ။ ဥပမာ – အမေရိကန်နိုင်ငံတွင် သမ္မတ ဘီလ်ကလင်တန်သည် သမ္မတအိမ်ဖြူတော်အမှုထမ်း မိန်းကလေး မော်နီကာ လူဝင်းစကီးနှင့် အရှုပ်အရှင်း ဖြစ်ကြရာ သမ္မတ၏အမှုတွဲသည် အမေရိကန် တရားရုံးချုပ်သို့ ရောက်၏။ တရားသူကြီးတို့က သမ္မတအမှုကို ကြားနာသည်။ တရားသူကြီးတို့သည် သမ္မတဘီလ်ကလင်တန်၏ သြဇာလွှမ်းမိုးမှုအောက်၌ မရှိပါ။ ဒါကိုကြည့်လျှင် အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့သည် တစ်ဦးနှင့်တစ်ဦး ဟန်ချက်ညီညီ အပြန်အလှန် ထိန်းကျောင်းသွားကြပါသည်။

ဤသို့ဖြင့် မဏ္ဍိုင် (၃) ရပ်က တိုင်းပြည်တစ်ပြည်၏ ဖွံ့ဖြိုးရေးအင်ဂျင်ကြီးကို တက်ညီလက်ညီ မောင်းနှင်သွားကြပါ၏။ သို့သော် ၄င်းမဏ္ဍိုင်သုံးရပ်နှင့်လည်း ပြီးပြည့်စုံပြီဟု မဆိုသာဘဲ တိုင်းပြည်တွင်း အဖြစ်အပျက်တို့ကို စောင့်ကြည့်သော စာနယ်ဇင်း မီဒီယာတို့၏အားသည် နိုင်ငံတော် တည်ဆောက်ရေးကဏ္ဍ၌ ပါဝင်လာပါသည်။ ယခုတဖန် ပြည်သူလူထုကြီးသည် ပဥ္စမမဏ္ဍိုင်ဖြစ်ကြောင်း ပြောကြားလာပါသောကြောင့် ပဥ္စမမဏ္ဍိုင်၏ အရေးပါပုံ၊ တာဝန်ရှိပုံတို့ကို ဆန်းစစ်လေ့လာရန် အကြောင်းပေါ်ပေါက်သည်ဟု ဆိုနိုင်ပါသည်။

## ပဥ္စမမဏ္ဍိုင်၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ

အမှန်တကယ်တော့ ပြည်သူတွေက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်ပြီး ပြည်သူ့ကိုယ်စားလှယ်များသည် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးတို့တွင် တာဝန်ထမ်းဆောင်ကြ၍ ပဥ္စမမဏ္ဍိုင်သည် အထက်ပါ မဏ္ဍိုင်သုံးရပ်ကို ရွေးချယ်ပေးသော အခြေခံအကျဆုံး မဏ္ဍိုင်ဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် ပြည်သူတို့သည် လွှတ်တော်ကိုယ်စားလှယ်လောင်းများကို အကဲဖြတ်ရန် တာဝန်ရှိပါသည်။

mgyoe.com  SAMPLE BOOK 

လွှတ်တော်က ငါတို့နဲ့ မဆိုင်ဘူး။ နိုင်ငံရေးသမားတွေလည်း သူတို့အလုပ် သူတို့လုပ်၊ ငါတို့ပြည်သူတွေကလည်း ကိုယ့်အလုပ်ကိုယ်လုပ်မှ ကိုယ်ထမင်းစားရမှာဟူသော ယူဆချက်မျိုးနှင့် ပေါ့ပေါ့တန်တန် မနေသင့်တော့ပါ။ လွှတ်တော်၏ သတင်းများ၊ လွှတ်တော်ကိုယ်စားလှယ်တို့၏ အလုပ်လုပ်ပုံတို့ကို မျက်ခြည်မပြတ် လေ့လာစေဖန်ပိုင်းခြားသင့်ပါ၏။ မိမိတို့၏ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်တို့နှင့်လည်း မိမိတို့ လိုအပ်သလို ထိတွေ့နေသင့်ပါ၏။

တစ်ဖန် ပဋ္ဌမမဏ္ဍိုင် ပြည်သူများဟု ဆိုရာ၌ အရေအတွက်အားဖြင့် များပြား ကြီးမား ကျယ်ပြန့်လှပါသည်။ တစ်နည်းအားဖြင့် ဆိုပါသော် လူအမျိုးမျိုး၊ နတ်အဖုံဖုံ ဖြစ်ပါသည်။ ပြည်သူများသည် မိမိတို့ အားနည်းချက်ရှိပါက မိမိတို့ဘာသာ မိမိတို့ ပြုပြင်ရမည်။ ယနေ့ လမ်းဘေးတွင်မကဘဲ ကတ္တရာလမ်းမပေါ်တက်၍ ဈေးရောင်းသည်မှာလည်း ပြည်သူများပင်ဖြစ်ရာ စည်ပင်ရဲက လာဖမ်းလည်း ခဏပဲ ကောင်းမည်ဖြစ်ပြီး နောက်ပိုင်း လမ်းပေါ် ဈေးပြန်ရောင်း၏။ ထို့ကြောင့် မိမိတို့ အသိဖြင့် မိမိတို့ ပြုပြင်ရပါမည်။

အကျင့်ပျက်ခြစားသူ ပြည်သူတွေ မိမိဘာသာ မိမိတို့ ပြုပြင်ရန် လိုပါ၏။ သစ်ခုတ်၍ သဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးသော ပြည်သူတွေ မိမိတို့ဘာသာ မိမိတို့ ပြုပြင်ရန် လိုပါသည်။ ခရီးသည်များကို မချေမင် ဆက်ဆံသော ဘတ်စ်ကား စပယ်ယာများသည်လည်း ပြည်သူများပင်ဖြစ်ရာ ပဋ္ဌမမဏ္ဍိုင် စပယ်ယာများ မိမိတို့ကိုယ်ကို မိမိတို့ ပြုပြင်ရန် လိုပါ၏။

တစ်ဖန် စတုတ္ထမဏ္ဍိုင် စာနယ်ဇင်းတို့က အမြင်မတော်သည့် ကိစ္စများကို ရေးကြသားကြ အော်ကြဟစ်ကြ လုပ်ကြရာတွင် စတုတ္ထမဏ္ဍိုင်ကို ပဋ္ဌမမဏ္ဍိုင် ဖြစ်သော ပြည်သူတွေက သတင်းပေး၍သာ ရေးနိုင်ကြတာ ဖြစ်ပါ၏။ ပဋ္ဌမမဏ္ဍိုင်၏ အကူအညီမပါလျှင် စတုတ္ထမဏ္ဍိုင် လှုပ်ရှား၍ မရပါ။

လူထု၏ ပူးပေါင်းပါဝင်မှုကို COMMUNITY PARTICIPATION ဟု ခေါ်ပါသည်။ COMMUNITY PARTICIPATION မရှိလျှင် ဘာမျှ လုပ်၍ မရပါ။

ပဋ္ဌမမဏ္ဍိုင်ဖြစ်သော နိုင်ငံသားများ၏ အခွင့်အရေးများ ပြဋ္ဌာန်းသော အခန်းကဏ္ဍကိုလည်း နိုင်ငံသားတို့သည် မိမိတို့၏ အခွင့်အရေး၊ ရပိုင်ခွင့် (Rights) မိမိတို့ အခန်းကဏ္ဍ (Role)၊ မိမိတို့တာဝန်နှင့် ဝတ္တရားများ (Duties & Responsibilities)တို့ကို သိဖို့လိုပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်တို့နိုင်ငံသည် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရပါသည်။ ဖွံ့ဖြိုးမှုနောက်ကျသော ဘဝမှ ရုန်းထရာတွင် ပြည်သူတို့သည် ရှိပြီးမဏ္ဍိုင်ကြီးလေးရပ်ကို အားကိုးမယ်ဆိုရင် အားကိုးလို့ရပါ၏။ သို့သော် တကယ်တမ်း အားကိုးရမှာကတော့ ပဉ္စမမဏ္ဍိုင်ဖြစ်သော မိမိကိုယ်မိမိ အားကိုးရမှာ ဖြစ်၏။ သို့သော် ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်စိတ်ကူးတည့်ရာ လျှောက်လုပ်နေတာနှင့်စာလျှင် အခြားမဏ္ဍိုင်လေးရပ်နှင့် ဟန်ချက်ညီညီ ပူးပေါင်းခြင်း COLLABORATION ဆိုသည်က အလွန်အရေးကြီးပါ၏။ သို့မှသာ ဦးတည်ချက်ရှိရှိနှင့် ကြိုးစားနိုင်မည်ဖြစ်ပြီး စနစ်ကျသော ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိမည် ဖြစ်ပါ၏။

သို့ပါ၍ ယနေ့ခေတ် အခါသမယသည် လူတိုင်း နိုင်ငံရေးကို စိတ်ဝင်စားသင့်ပါ၏။ ဤသို့ဆိုခြင်းသည် မဖြစ်မနေ နိုင်ငံရေးပါတီ ထူထောင်ရမယ်လို့ ဆိုလိုသည် မဟုတ်ပါ။ ပဉ္စမမဏ္ဍိုင်၏ ပူးပေါင်းပါဝင်မှု COMMUNITY PARTICIPATION သည် အရေးကြီးလှပါ၏ဟု ဆိုခြင်းသာ ဖြစ်ပါကြောင်း။

■

mgyoe.com

mgyoe.com SAMPLE BOOK

## အတုယူစရာ ပုဂံခေတ်က မြန်မာ့ပဉ္စမလက္ကိုင်

၂၀၁၁ ခုနှစ်၊ မတ်လတွင် ရစ်ချ်စတာ စကေး ၈.၉၊ နောင်အခါ ၉ ဟု ပြင်းအားသတ်မှတ်သော ငလျင်ကြီး လှုပ်ခဲ့ပါ၏။ ထိုအခါ ငလျင်ရယ်၊ နျူကလီးယားဓာတ်ပေါင်းဖို ဖြာထွက်မှုရယ်၊ ဆူနာမီ ရေလှိုင်းရယ် သုံးမျိုးပေါင်းကို ဂျပန်တို့ ခံစားရ၏။ ဤတွင် နျူကလီးယားဓာတ်ပေါင်းဖို ဖြာထွက်မှုရယ်၊ ဆူနာမီရယ် ခေတ္တအသာထား၍ ငလျင်ကိစ္စကို လေ့လာပါသော် ဂျပန်ရှိ အချို့သော မိုးမျှော်တိုက်ကြီးများသည် ရစ်ချ်စတာစကေး ၈.၉၊ သို့မဟုတ် ၉ ပြင်းအားရှိ ငလျင်လှုပ်တာတောင် မပြိုကြောင်း တွေ့ရ၏။ ဂျပန်သည် ငလျင် ခဏ ခဏလှုပ်သော နိုင်ငံဖြစ်၍ သူတို့ဆီက တိုက်တွေဆောက်ရာ စတီးချောင်းများ၊ အထူး ဘိလပ်မြေတို့နှင့် ဆောက်၍ တိုက်ပြုပြီး တိုက်ပိ၍ အနိစ္စရောက်သူတော့ နည်းမှာ ဖြစ်ပါသည်။

**ဒီကိစ္စက သင်ခန်းစာနှင့် အတုယူရန် ဒီလိုပါ ...**

ပြင်းအားအဆင့် သုည (၀) ရှိသော ငလျင်ဆိုတာ ဘာလဲဆိုရင်တော့ ငလျင်မလှုပ်တာကို ခေါ်တာပါ။ ဥပမာ ကားတစ်စီးသည် တစ်နာရီ သုညမိုင်နှုန်းနှင့် သွားနေသည်ဆိုပါက ၎င်းကားသည် ရပ်နေသည်ကို ဆိုတာပါ။

mgyoe.com

mgyoe.com

## လျှောင်ပြင်းအား သုည (၀) ဒဏ်ကို ခံနိုင်ရည်မရှိသော တိုက်ဆိုတာ ဘာလဲ

အဲဒါကတော့ လျှောင်လှုပ်စရာမလိုဘဲ သူ့အလိုလို ပြိုကျသော တိုက်ကို ဆိုလိုတာပါ။ ပြင်းအားသုညကိုတောင် မခံနိုင်လျှင် ပြင်းအား (၈.၉) ဆိုရင်တော့ ပြုံးပါလေရောပဲ ဖြစ်ပါ၏။ လျှောင်ပြင်းအား သုညဒဏ်ကို ခံနိုင်ရည်မရှိသော တိုက် (သို့) လျှောင်လှုပ်စရာ မလိုဘဲ သူ့အလိုလို ပြိုကျသော တိုက်ရယ်လို့ ရှိပါသလား။ ရှိတယ်ဆိုရင် ဘယ်မှာလဲ။

အထက်ပါမေးခွန်းများ မေးပါက ဟုတ်ကဲ့ခင်ဗျ၊ ရှိပါတယ်လို့ ဖြေရမှာပါ။ ဘယ်မှာရှိတာလဲ ဆိုရင်တော့ ရန်ကုန်မြို့မှာပါ။ ဘယ်သူဆောက်တာလဲ ဆိုရင်တော့ ကန်ထရိုက်တိုက်ဆောက်သူများ ဖြစ်ပါ၏။ ဂျာနယ်တို့ အဆိုအရ ၂၀၁၀ တွင် လျှောင်မလှုပ်ဘဲနှင့် အလိုလို မြို့လယ်ကောင် တိုက်အချို့ ပြိုကျခဲ့ပြီး ၂၀၁၁ နှစ်ဦးတွင်လည်း မြို့လယ်၌ တိုက်နံရံတို့ ပြိုကျသဖြင့် အသေအပျောက်ရှိခဲ့သော အဖြစ်အပျက်သည် တစ်ခုမက ဖြစ်ပါ၏။

## ရှေးခေတ်က မြန်မာဗိသုကာများ၊ မြို့ပြဆောက်လုပ်ရေးနည်းပညာရှင်တို့၏ အရည်အသွေးမြင့်မားပုံ

မြန်မာနိုင်ငံ၏ ဂုဏ်ယူစရာ ယဉ်ကျေးမှုအမွေအနှစ်မြို့ ဖြစ်သော ပုဂံ၊ ညောင်ဦးမြို့များတွင် ရွှေစည်းခုံ၊ အာနန္ဒာ စသော စေတီပုထိုးများ တည်ထားကိုးကွယ်ခဲ့သည်မှာ နှစ်ပေါင်း (၁၀၀၀) ဝန်းကျင် ရှိခဲ့ပါပြီ။ ထိုစေတီတို့သည် နှစ် (၁၀၀၀) တိုင်အောင် တည်တံ့နေ၏။ ထိုစေတီပုထိုးကြီးများအား သာမန်ဘုရားဖူးသူက သာမန်မျက်စိဖြင့် ကြည့်ပါသော် ဗုဒ္ဓဘုရား၏ အဆုံးအမကို အောက်မေ့စရာ ဖြစ်၏။ ဉာဏ်မျက်စိနှင့် ကြည့်ပါသော် လွန်ခဲ့သော နှစ်ပေါင်း (၁၀၀၀) က ပန်းရန် ဆောက်လုပ်ရေး လုပ်သားတို့၏ စာရိတ္တကို ဉာဏ်ဖြင့် မြင်နိုင်ပါသည်။

## မျက်မှောက်ခေတ် 'ပိုင်'ရိုက်တယ် ဆိုတာ ဘာလဲ

စာရေးသူ ကျွန်တော်သည် တစ်ခါက NGO ဆေးရုံတစ်ခုတွင် ဆေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်ဖူးရာ ကျွန်တော်၏ လက်အောက်၌ ကွန်ပေါင်ဒါ (ဆေးစပ်သမား) တစ်ဦး အမှုထမ်းပါသည်။ ဆေးရုံတွင် အလုပ်လုပ်သောအခါ ၄င်း ကွန်ပေါင်ဒါသည် အိပ်ငိုက်နေ၍ ဘာဖြစ်တာလဲလို့ မေးတော့ ညဘက်တွင်

mgyoe.com

mgyoe.com SAMPLE BOOK

ဒရဝမ် (ညစောင့်) လုပ်နေသည်ဟု ဆိုရာ ဘယ်မှာ သွားလုပ်တာလဲ မေးတော့ ပိုင်ရိုက်တဲ့ ကုမ္ပဏီ၊ ကိုရီးယားသူဌေးက လာဖွင့်တာဟု ဆို၏။

ပိုင်ရိုက်တာက ဘာလဲမေးတော့ ဥပမာ အဆင့်မြင့်တိုက်များ ဆောက်တော့မည် ဆိုပါက တိုက်ကြီး၏ အလေးချိန်ကိုထမ်းမည့် တိုင်များစိုက်မည့် နေရာကို အုတ်မြစ်မချမီ ပိုင်ရိုက်ရသည် ဆို၏။

ကျွန်တော်သည် ရန်ကုန်၌ ကန်ထရိုက်တိုက်တွေ များသော မြို့နယ်တစ်ခု၌ လျှောက်ကြည့်ရာ အဆင့်မြင့်တိုက်တစ်တိုက် မဆောက်မီ ပိုင်ရိုက်နေတာ တွေ့ရ၏။ များသောအားဖြင့် သာမန် အထပ်နိမ့် ကန်ထရိုက်တိုက်တွေကတော့ ပိုင်ရိုက်တာ မမြင်မိပါ။

တလောက ကန်ထရိုက် သုံးထပ်တိုက်တစ်ခု မျက်နှာစာ ပေ ၂၀၊ အရှည် ပေ ၅၀ သည် တိုက်နောက်ဖေးဘက်က မြေထဲသို့ အိ၍ ဆင်းရာ တိုက်ကြီးက ဖင်ထိုင်သလို ဖြစ်နေ၏။ တိုက်ခန်းရှင်တို့က အလျင်အမြန် ပြန်ရောင်းရန် ကြိုးစားကြ၏။ ဝယ်သူတွေက တိုက်ထဲသို့ ရှေ့ပေါက်က ဝင်ကြည့်လျှင် စောင်းနေတာ မသိသာပါ။ နွားမရှုံပိတ် လက်သိပ်ထိုးရောင်းသည်ဆိုတာ ဒါမျိုးပါ။ အရောင်းအဝယ်ဖြစ်၊ မဖြစ် သေချာမသိပါ။ ရန်ကုန်မြို့မှာ အဲဒီလို စောင်းနေတဲ့ တိုက်တွေ တော်တော်များများ တွေ့ဖူးပါ၏။

## အုတ်ခဲရဲ့ အရည်အသွေး (ကွာလတီ)အကြောင်း တစေ့တစောင်း

တစ်ခါက နယ်မြို့လေးတစ်ခု၌ ကျွန်တော်နေစဉ် သူငယ်ချင်းနှစ်ဦးရှိရာ တစ်ဦးက အုတ်ဖုတ်ရောင်းသော လုပ်ငန်းရှင်ဖြစ်၏။ နောက်တစ်ဦးကတော့ မြို့စွန်နေရာတစ်ခု၌ ကိုယ်ပိုင်တစ်ထပ်တိုက်လေး ဆောက်နေ၏။ အုတ်လုပ်ငန်းရှင်နဲ့ တိုက်ဆောက်နေသူတို့လည်း ခင်ကြပါ၏။ တိုက်ဆောက်နေသူက တိုက်တွေအတွက် အုတ်ခဲဝယ်ရန် အော်ဒါမှာ၏။ အုတ်ခဲ၏ ကွာလတီဆိုင်ရာ၌ အုတ်ဖုတ်ရန် ရွှံ့မြေစေးကလည်း အရည်အသွေးမီရပါမည်။ အုတ်ဖုတ်တော့ မီးအပူပေးတော့လည်း သတ်မှတ်စံချိန်စံညွှန်း ညီရပါမည်။ စက်ရုံထုတ် အုတ်ခဲများကတော့ ပထမတန်းဖြစ်ပြီး ကျစ်လျစ်နေပါ၏။ ပုဂ္ဂလိက အုတ်ဖိုက အုတ်တွေကတော့ ကွာလတီအမျိုးမျိုး ဖြစ်ရာ ကွာလတီညံ့သော အုတ်သည် ပွပွကြီးတွေ ဖြစ်ပါ၏။

ကျွန်တော်တို့ငယ်ငယ်က ကရာတေးရုပ်ရှင်တို့တွင် ကရာတေးမင်းသားတို့သည် အုတ်ခဲ (၁၀) ခုလောက် ထပ်ပြီး တံတောင်နဲ့ခွဲပြ၍ အထင်ကြီးခဲ့ဖူး၏။

mgyoe.com

mgyoe.com SAMPLE EBOOK

ယခုခေတ်မှာတော့ ကရာတေးမင်းသား ဖြစ်ရန် နည်းနည်း ပိုလွယ်မည်ထင်ပါ၏။ အုတ်ခဲတွေက လက်ဝါးစောင်းခုတ်ရန် မလိုပါ။ လက်တင်ရုံနဲ့ ကွဲမယ့်ကိန်း ဆိုက်နေပါသည်။ ဒီတော့ အုတ်ခဲများကို ကွာလတီအလိုက် ယခင်ခေတ်ဈေးနှုန်းက အကောင်းဆုံး တစ်ခဲ ၁၀ ကျပ်၊ အညံ့ဆုံး တစ်ခဲ ၂ ကျပ် ရောင်း၏။ အုတ်ခဲကား တစ်စီး အော်ဒါမှာရာ အုတ်ဖုတ်လုပ်ငန်းရှင်က အံ့ဩ၏။ သူက ကိုယ်ပိုင်တိုက် ဆောက်နေတာ။ ကန်ထရိုက်တိုက် မဟုတ်ဘူး။ ကောင်းကောင်းဆောက်ပါလား ပြောရာ တိုက်ဆောက်နေသူက "မင်းတို့ မသိပါဘူးကွာ၊ အသာနေစမ်းပါ"ဟု ပြော၏။ နောက်တော့မှ သိရတာက သူ နေတဲ့နေရာအနီးမှာ အများပိုင် အဆောက်အအုံ တစ်ခု အား အုတ်တံတိုင်းခတ်နေရာ နေ့စားပန်းရန်များ ငှား၍ လုပ်ကိုင်နေ၏။ အများပိုင် အုတ်တံတိုင်း ဆောက်ရန် အုတ်ခဲအကောင်းစားများ ပုံထား၏။ တိုက်ဆောက်နေသူက နေ့စားပန်းရန်တွေကို အရက်တိုက် လာဘ်ထိုးထားရာ ပန်းရန်တို့သည် ညနေမှောင်ခါနီး၌ တစ်ထပ်တိုက် ဆောက်ရန် ဝယ်ထားသော အုတ်ခဲအညံ့စားများကို အများပိုင်အုတ်တံတိုင်း လုပ်လိုက်ပြီး ဘိလပ်မြေကိုင်လိုက်ရာ ဘယ်သူမှ လာစစ်၍ မရတော့။ ပြီးတော့မှ အများပိုင်အုတ်တံတိုင်း ဆောက်ရန် ဝယ်ထားသော အုတ်ခဲအကောင်းတွေကို တစ်ထပ်တိုက် ဆောက်တော့ သုံးလိုက်ပါ၏။ ဒါကို ကျွန်တော် သိတော့ သက်ပြင်းချမိပါ၏။ သို့သော် အုတ်ခဲအပွတွေ သုံးလိုက်တာက အုတ်တံတိုင်း သာ ဖြစ်၏။ ရှစ်ထပ်တိုက် မဟုတ်၍ ပြိုကျလျှင် ပိသေမည့် လူတော့ မရှိလောက်ပါဘူး ဟု စိတ်ကို ဖြေလိုက်ရပါ၏။ ယခုအခါ ကျွန်တော်သည် အချို့ ဆောက်လက်စ ကန်ထရိုက်တိုက်တွေကို လှေလာကြည့်တော့ အုတ်ခဲတွေက ပွပွကြီးတွေ ဖြစ်နေပါ၏။

## ဘိလပ်မြေအကြောင်း တစေ့တစောင်း

ဘိလပ်မြေကို စက်ရုံက ဘယ်လိုထုတ်လုပ်သလဲတော့ မသိပါ။ သို့သော် အသုံးပြုခါနီးတွင် ဘိလပ်မြေကို သဲရောရပါ၏။ နားစွန်နားဖျား ကြားဖူးတာကတော့ ဘိလပ်မြေတစ်အိတ်လျှင် သဲသုံးအိတ်လောက် ရောရသည်ဆိုပါ၏။ သို့သော် လက်တွေ့၌ သဲဘယ်နှအိတ် ရောသလဲ မသိပါ။

တစ်ခါက ကန်ထရိုက်တိုက်ခန်းတစ်ခုသို့ ရောက်နေရာ အောက်ထပ်၏ အမိုးသည် အပေါ်ထပ် ကြမ်းခင်းဖြစ်၏။ တစ်ခါက ရှဲရှဲ၊ ရှဲရှဲဟု အသံတွေကြားရာ သရဲခြောက်သလို ဖြစ်၏။ လှေလာတော့ အပေါ်ထပ်က ငရုတ်သီးထောင်းတာ မဟုတ်ပါ။ အောက်လွှာနှင့် အပေါ်လွှာကို ခြားထားသော ဘိလပ်မြေအလွှာက

mgyoe.com

mgyoe.com SAMPLE BOOK

သံချောင်းတွေ ထိုးထိုးထောင်ထောင် ထွက်နေပြီး သံတွေ ထွက်ကျလာသံပါ။ သံချောင်းတွေကလည်း ပိန်ပိန်လေးတွေ ဖြစ်နေ၏။

## ရှေးဟောင်းအမွေအနှစ်နှင့် ရှေးလူကြီးတို့၏ စိတ်သဏ္ဍာန် Attitude

ကျွန်တော် ဆေးတက္ကသိုလ် ၁ တွင် ကျောင်းတက်တော့ ၄င်း အဆောက်အအုံသည် ၁၉၂၀ လွန်ခဲ့သော နှစ် ၉၀ ခန့်က အုတ်မြစ်ချရာ ကျွန်တော်တို့အတွက် ရှေးဟောင်းအမွေဟု ဆိုနိုင်၏။ အုတ်ခဲတွေကလည်း ကောင်းသေး၏။ အုတ်ခဲကြားက ဘိလပ်မြေကလည်း ကောင်းသေး၏။ ထိုအခါ ကျွန်တော်သည် လွန်ခဲ့သော နှစ် ၉၀ ခန့်က ရှေးလူကြီးတို့၏ စိတ်သဏ္ဍာန်ကို အကဲခတ်ရာ သူတို့က အဆောက်အအုံ ဆောက်ရာ စေတနာမှန်၏။

ယနေ့မျက်မှောက်ခေတ် အချို့ (အားလုံးကို မဆိုလို) ကန်ထရိုက်တိုက်တို့သည် နောင်အနာဂတ်တွင် ရှေးဟောင်းပစ္စည်းများဖြစ်ပြီး အနာဂတ် လူငယ်တို့အတွက် ရှေးဟောင်းအမွေများ ဖြစ်တော့မည်။ ထိုအခါ နောင်းလူတို့က အဆောက်အအုံတို့၏ အရည်အသွေးကို ကြည့်၍ ယနေ့ခေတ်လူသားတို့၏ စိတ်စေတနာ Attitude ကို ကြည့်တော့မည်။ ထိုအခါ နောင်းခေတ်လူတွေက ကျွန်တော်တို့ မျက်မှောက်ခေတ် လူတွေ၏ စိတ်စေတနာကို ဘယ်လို အကဲဖြတ်မှာလဲ ဆိုတာ မတွေးရဲပါ။

ရှေးခေတ်က ပုဂံစေတီဘုရားများ၊ ရန်ကုန်မြို့ ဝန်ကြီးများရုံး စသော အဆောက်အအုံကို ဆောက်သော ဆောက်လုပ်ရေးအင်ဂျင်နီယာ၊ ပန်းရန်တို့သည် ဂျပန်က တိုက်ဆောက်သူများ (ငလျင်ပြင်းအား ၈.၉ ကို ခံနိုင်သော တိုက်ဆောက်သူများ) ထက် မညံ့ပါ။

ယခုခေတ် ကန်ထရိုက်တိုက်ဆောက်သူများသည် သူများက ငလျင်ဒဏ် ၈.၉ အဆင့်ကို ခံနိုင်ရည်ရှိအောင် ဆောက်ပါက မိမိတို့က ငလျင်ပြင်းအား သုည (၀)ကို ခံနိုင်အောင် အနည်းဆုံး လုပ်သင့်၏။ ဆိုလိုသည်မှာ ငလျင်မလှုပ်ဘဲ သူ့အလိုလို ပြိုမကျအောင် ဆောက်သည်ဆိုလျှင်တော့ ဂျပန်က တိုက်ဆောက်သူတို့ကို နည်းနည်းလောက် အတုခိုးမယ်ဆိုရင် ဂျပန်ငလျင်သည် ဝမ်းနည်းစရာ ဖြစ်သော်လည်း အရှုံးထဲက အမြတ်တစ်ခုဟု ဆိုချင်ပါကြောင်း။

■

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း[၂]

## အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးနှင့် ပဥ္စမမဏ္ဍိုင်

### သာမန်နိုင်ငံသားတစ်ဦးစီက ပြုလုပ်နိုင်သော အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး နည်းလမ်းများ

အကျင့်ပျက်ခြင်း၊ ခြစားခြင်းတို့သည် ယနေ့ ကမ္ဘာပေါ်တွင် ပြဿနာအမျိုးမျိုးရှိသည့်အနက် ထိပ်တန်းပြဿနာတစ်ခု ဖြစ်နေပါသည်။ ဖွံ့ဖြိုးမှုနှုန်းလျှင်မြန်နေသော တရုတ်ပြည်၊ အိန္ဒိယပြည်ကဲ့သို့သော နိုင်ငံမျိုးတွင်ပင် အကျင့်ပျက်ခြစားမှု ပြဿနာသည် ကြီးထွားလျက် ရှိပါသည်။

အကျင့်ပျက်ခြင်းနှင့် ခြစားခြင်းကတော့ အဓိပ္ပာယ်ချင်း ထပ်တူထပ်မျှမတူညီပါ။ အကျင့်ပျက်ခြင်း ဆိုသည်က စာရိတ္တကျင့်ဝတ် ပျက်ပြားခြင်း ဖြစ်ပါ၏။ ခြစားခြင်း ဆိုသည်ကတော့ လုပ်ပိုင်ခွင့် အာဏာရှိသူတို့က မိမိတို့၏ ဌာနပိုင်ပစ္စည်းနှင့် စပ်လျဉ်းသော စာရိတ္တပျက်မှု ဖြစ်ပါသည်။ သာမန်စာရိတ္တပျက်သူသည် လုပ်ပိုင်ခွင့်ရှိသူ ဖြစ်ချင်မှဖြစ်မည်။ ဥပမာ အိမ်တစ်အိမ်အတွင်းသို့ ဝင်ရောက်ခိုးယူသူသည် အာဏာရှိသူ မဟုတ်ပါ။ ကုမ္ပဏီမန်နေဂျာတစ်ဦးက မိမိ၏ ကုမ္ပဏီပိုင်ပစ္စည်းကို အလွဲသုံးစားလုပ်ပါက ခြစားခြင်း ဖြစ်ပါ၏။ သို့ပါ၍ အကျင့်ပျက်ခြင်း

mgyoe.com

mgyoe.com SAMPLE BOOK

နှင့် ခြစားခြင်း ဟူသည် မကောင်းတာချင်းအတူတူ ခြစားခြင်းက ပို၍မကောင်း ဟု ဆိုချင်ပါသည်။

## အကျင့်ပျက် ခြစားတာကို အရေးယူရတာ ခက်တာ၊ တိုက်ဖျက်ရတာ ခက်တာ ဘာကြောင့်လဲ

အကျင့်ပျက်ခြစားကြသူတွေဟာ လူလည်တွေပါ။ သူခိုးက ခိုးတယ်လို့ ဘယ်တော့မှ ဝန်ခံလေ့မရှိပါဘူး။ သက်ဆိုင်ရာ တာဝန်ရှိသူတို့က အရေးယူမယ် ဆိုရင် လိုအပ်ချက်တစ်ခု ရှိပါတယ်။ အဲဒါကတော့ 'ခိုင်လုံသော သက်သေ အထောက်အထား'ပဲ ဖြစ်ပါတယ်။ မခိုင်လုံဘဲနဲ့ တိုင်ကြားရင် တိုင်ကြားသူကို အသရေဖျက်မှုနဲ့တောင် ပြန်လည် တရားစွဲနိုင်ပါတယ်။ ကျော်စောမှု၊ မသင်္ကာမှု လောက်နဲ့ အရေးယူဖို့ မလွယ်ပါ။ သက်သေခံဥပဒေနှင့် ညီညွတ်သော သက်သေ အထောက်အထားရှိမှသာ အရေးယူ၍ ရပါသောကြောင့် အရေးယူရတာ နည်းနည်း တော့ ခက်ပါတယ်။ တစ်ဖန် အချို့ အကျင့်ပျက်ခြစားသူတို့သည် မသမာမှုကြောင့် ချမ်းသာလာပါက သူတော်ကောင်းယောင် ဆောင်တတ်ပါတယ်။ လူကြီးလူကောင်း ယောင် ဆောင်တတ်ပါတယ်။

အလှူကြီး အတန်းကြီးတွေ ပေးလေ့ရှိပါတယ်။ ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်တို့တွင် မိမိတို့၏ ကောင်းမှုတွေကို သာစုခေါ်စေပြီး ရပ်ကွက်မျက်နှာဖုံး၊ မြို့နယ်မျက်နှာဖုံး မျက်နှာကြီးနေရာများကို မသိမသာ လည်းကောင်း၊ သိသိသာသာ လည်းကောင်း ဝင်ယူလေ့ရှိပါတယ်။ ပြီးတော့ ပေးကမ်းခြင်းသည် အောင်မြင်ရာ၏ ဟု ဆိုသလို ပေးကမ်းစွန့်ကြဲခြင်းဖြင့် မိမိတို့၏ ဩဇာကို တည်ဆောက်လေ့ ရှိပါ တယ်။

## ဆရာတော်ဘုရားတစ်ပါး သင်ပေးဖူးသော အကျင့်ပျက်သူကို အရေးယူနည်း

ကျွန်တော် ဒုလ္လဘရဟန်း ဝတ်ဖူးပါသည်။ ထိုစဉ်က ကျွန်တော်တို့ကို အုပ်ချုပ်သော ကျောင်းထိုင်ဆရာတော်က ဆုံးမဖူးသည်ကတော့ ရဟန်းတို့၏ သီလ ၂၂၇ ပါး ရှိရာတွင် ပထမ ၄ ပါးမှာ အလွန်အရေးပါ၏။ ၎င်းတို့ကို ပါရာဇိက အာပတ်ဟု ခေါ်ပြီး ၎င်းတို့မှာ ကာမဆက်ဆံခြင်း၊ လူသတ်ခြင်း၊ ခိုးခြင်း၊ ဈာန်မရဘဲ ရသည်ဟု ကြွားဝါခြင်းဖြစ်၏။ ၎င်းတို့ထဲမှ တစ်ပါးပါး ကျူးလွန်မိပါက ရဟန်း

mgyoe.com

mgyoe.com SAMPLE BOOK

အဖြစ် ဆုံးရှုံးပြီး သက်န်းဝတ်ထားစေကာမူ ရဟန်း မဟုတ်တော့ပါ။ ပါရာဇိက အာပတ်သင့်ပါက အာပတ်ဖြေ၍ မရပါ။ လူထွက်ပြီး နောက်တစ်ဖန် သိမ်ဝင်၍ ရဟန်းခံလျှင်လည်း ရဟန်းမဖြစ်တော့ပါ။ အချို့ ရဟန်းတို့သည် အာပတ်သင့်ပြီး လူမထွက်ဘဲ သင်္ကန်းဝတ်နှင့်ပင် ဆက်နေပါက ၎င်းရဟန်းသည် ပါရာဇိက အာပတ် သင့်ကြောင်း သိသော အခြားရဟန်းတို့က ရှောင်ကြဉ်ရ၏။ တစ်ဝိုင်းတည်းထိုင်၍ ဆွမ်းမစားရပါ။ ရဟန်းအဖြစ် အသိအမှတ်မပြုသည့်သဘော ဖြစ်သည်။ ပါရာဇိက အာပတ်သင့်ထားသော ရဟန်းကို ဘုန်းကြီးကျောင်းတို့က လက်သင့်မခံရပါ။ သို့သော် ထိုပုဂ္ဂိုလ်က မိမိအပြစ်ကို ဝန်ခံပြီး ကိုရင်ဘဝနှင့် နေလျှင်တော့ ခွင့်လွှတ်ပါ၏။

## အကျင့်ပျက်သူတို့ကို ကျွန်တော့်မိတ်ဆွေတစ်ဦး ဆက်ဆံပုံ

ကျွန်တော့်တွင် မိတ်ဆွေတစ်ဦး ရှိခဲ့ဖူးရာ သူ၏အသက်က ၆၀ နှစ် ဖြစ်ပါ၏။ သူ့အိမ်၌ တစ်နေ့တော့ အလှူလုပ်ရာ ရပ်ကွက်ထဲတွင် သူဌေးအချို့ကို ဖိတ်ပြီး အချို့လူကို မဖိတ်ပါ။ ဆင်းရဲသားအချို့ကို ဖိတ်ပြီး အချို့ဆင်းရဲသားကို မဖိတ်ပါ။ သူက သူဌေးတွေကို ရွေးဖိတ်တာ မဟုတ်ပါ။ ဘယ်လိုဖိတ်တာလဲ မေးတော့ သီလလုံသူတွေကို ရွေးပြီး ဖိတ်တာလို့ ဆိုပါတယ်။

သူ့အိမ်ကို ဖိတ်စာလာရင်လည်း သီလလုံတဲ့အိမ်က ဖိတ်တာဆိုရင် ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ သွားပါတယ်။ အကျင့်ပျက်ခြစားတဲ့ အိမ်က ဖိတ်တာဆိုရင် သူဌေးအိမ်ဖြစ်ဖြစ်၊ ဆင်းရဲသားအိမ်ဖြစ်ဖြစ် သူ မသွားပါ။ သူက သီလလုံတဲ့ လူတွေကိုပဲ ရွေးပြီးပေါင်းတဲ့သဘော ဖြစ်ပါတယ်။

တစ်ဖန် (၃၈)ဖြာ မင်္ဂလာ တရားတော်၌လည်း လူမိုက်တို့ကို ရှောင်ကြဉ် ရာ၏ လို့ ပါပါတယ်။ တကယ်တော့ အကျင့်ပျက် ခြစားသူများသည် လူမိုက်များ ဖြစ်၍ ၎င်းတို့ကို ရှောင်ကြဉ်သင့်ပါတယ်။

## ရှောင်ကြဉ်ခြင်းဗျူဟာ၏ ထိရောက်ပုံ

တစ်ခါတုန်းက ကျွန်တော်သည် ကျေးလက်ဒေသတစ်ခု၌ ပြင်ပ ဆရာဝန် လုပ်ငန်း လုပ်ကိုင်နေပါသည်။ ထိုစဉ် ဒေါက်တာရမ်းကုတစ်ဦးက ကျွန်တော်နှင့် ဆေးပညာ ဆွေးနွေးလိုကြောင်း ကမ်းလှမ်းလာပါတယ်။ ကျွန်တော်က လက်မခံနိုင် ကြောင်း၊ မဆွေးနွေးနိုင်ကြောင်း အကြောင်းပြန်တော့ ဘာကြောင့်လဲ ဆိုပြီး လူကြုံနဲ့

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ဆင့်မေးခိုင်းပါတယ်။ ကျွန်တော်က ပြန်ကြားတာတော့ ကျွန်တော်က ဆရာဝန် အစစ်ပါ။ သူက အတုဖြစ်တယ်။ အစစ်က အတုကို ရှောင်ရကြောင်း၊ ဆရာဝန် ကျင့်ဝတ်အရ ဒေါက်တာရမ်းကုနှင့် ဆွေးနွေးခွင့် မရှိကြောင်း ပြောတော့ သူ ဆတ်ဆတ်ခါ နာကြည်းသွားတယ်။ ဆရာဝန်တွေထက် ဘဝမှာ သာအောင် လုပ်ပြမယ်၊ လူချမ်းသာတစ်ယောက် ဖြစ်အောင် လုပ်ပြမယ်ဆိုပြီး ငါးကန်တွေ မွေးပါတယ်။ ရမ်းကု မလုပ်တော့ဘူး။ ထိုအခါ ကျွန်တော်က မြန်မာနိုင်ငံသား ဆရာဝန်၊ သူက မြန်မာနိုင်ငံသား မွေးမြူရေးသမားဆိုတော့ ကျွန်တော်က သူ့ထက် မြင့်မားနေစရာ ဘာအကြောင်းမှ မရှိတော့လို့ သူ့ကို တန်းတူရည်တူ ဆက်ဆံပြီး ဆေးပညာနဲ့မဆိုင်တဲ့ တခြားကိစ္စတွေကို ဆွေးနွေးခဲ့တယ်။ သူ့ကိုလည်း တန်းတူ ရည်တူ သဘောထားတော့ သူဟာ ကျွန်တော့်ရဲ့ စိတ်ရင်းအမှန်ကို သဘောပေါက်သွား ပါတယ်။ ဆရာဝန်အစစ်ဟာ ဆရာဝန်အတုကို ရှောင်ကြဉ်တယ်။ သီလရှိသူဟာ သီလမဲ့သူကို ဖယ်ကြဉ်တယ် ဆိုတာ သူ သဘောပေါက်သွားပါတယ်။

## သားသမီးများက အကျင့်ပျက်ခြစားလို့ရတဲ့ ပိုက်ဆံနဲ့ မိဘကို လုပ်ကျွေးကန်တော့ရင် မိဘက လက်ခံရန် မသင့်ပါ

ကျွန်တော် ငယ်ငယ်က ကြည့်ခဲ့ဖူးတဲ့ ရုပ်ရှင်ကားတစ်ခုမှာ ဇာတ်လိုက် က ဓားပြဗိုလ်အဖြစ် သရုပ်ဆောင်ပါတယ်။ ဓားပြတိုက်လို့ရတဲ့ ပိုက်ဆံနဲ့ မိခင်အို ရှိတဲ့ ရွာကို သွားကန်တော့တဲ့အခါ မိခင်အိုကြီးက သားလုပ်တဲ့သူ ကန်တော့တဲ့ ငွေထုပ်ကို လွှင့်ပစ်လိုက်တယ်။ ပြီးတော့ မျက်ရည်တွေကျလာပြီး သားရဲ့ ကျောကုန်း ကို ထုရိုက်ပြီး ဆုံးမတယ်။ ပြီးတော့ မိခင်အိုကြီးက ငိုတယ်။ ဒီတော့ သားလုပ်တဲ့ ဓားပြကလည်း လိုက်ငိုတယ်။ ပြီးတော့ သားလုပ်တဲ့သူက ဓားပြအလုပ်ကို စွန့်ခဲ့ ပါတယ်။

## သူတို့ ဘာကြောင့် အကျင့်ပျက် ခြစားကြတာလဲ

အချို့ အကျင့်ပျက် ခြစားသူများသည် တစ်သက်စာ စားမကုန် ဖူလုံပြီး ဖြစ်ကြပါသည်။ သို့သော် ခြစားတာကို မရပ်ဘဲ ဆက်လက် ခြစားကြပါသည်။ ဘာကြောင့်လဲ ဆိုတာ ဆန်းစစ်တော့ သမုဒ္ဒရာ ဝမ်းတစ်ထွာဟု ဆိုရာဝယ် မပြည့်သော သမုဒ္ဒရာကြီးကို ဖြည့်ရန် ဖြစ်ပါတယ်။ ဘာလဲဆိုရင် စားလို့ အလုံအလောက်ရှိ

mgyoe.com

mgyoe.com SAMPLE BOOK

တော့ ဂုဏ်ဆိုတာ လိုပါတယ်။ တိုက်၊ ခြံ၊ ကား၊ ရွှေ၊ ငွေ၊ စိန်၊ ရတနာတွေကို ဂုဏ်အဖြစ် လိုလာပါတယ်။

ဂုဏ်ပြီးတော့ ဒြပ်ရယ်လို့ လိုလာပါတယ်။ ဒီတော့ လူတွေဟာ တစ်ယောက်နဲ့ တစ်ယောက် ဘယ်သူစီးတဲ့ကားက မော်ဒယ်မြင့်သလဲ၊ ဘယ်သူ့ စိန်လက်စွပ်က ပိုကြီးသလဲ ပြိုင်ကြပါတယ်။ ဒီနေရာမှာ အကျင့်ပျက် ခြစားခြင်း မရှိတဲ့ လူကောင်းတွေကလည်း အကျင့်ပျက်ခြစားပြီး အဆောင်အယောင်နဲ့ နေပြသူတွေကို သွားပြီး မြှောက်ပင့်ခြင်းများ ပြုလုပ်တတ်ကြပါတယ်။ ယောကျ်ားဆိုရင် အစ်ကို၊ အစ်ကိုနဲ့ မျက်နှာချိုသွေးပြပြီး၊ မိန်းမဆိုရင် မမ၊ မမနဲ့ ခေါ်ပြီး 'မ' ပြတတ်ပါတယ်။ ဒီတော့ အကျင့်ပျက်ခြစားသူတွေဟာ ငါတို့ရနေတာတွေဟာ ဂုဏ်အစစ်လို့ ထင်ကုန်ကြပါတယ်။ ဒီတော့ ဆက်ပြီး ခြစားပြတာပါ။ တကယ်တော့ ဒါတွေဟာ ဂုဏ်အစစ် မဟုတ်ဘူး။ အကျင့်ပျက်ခြစားလို့ ရလာတဲ့ ငွေတွေနဲ့ NGO တစ်ခုမှာ အလှူသွားပေးလို့ ဂုဏ်ပြုလက်မှတ်ရလာတာ 'ဂုဏ်' မဟုတ်ဘူးဆိုတာ သိအောင် လုပ်ရပါမယ်။

တကယ်တော့ လောကကြီးမှာ အမြင့်မားဆုံးဂုဏ်ဟာ သီလဂုဏ်ပဲ ဖြစ်ပါတယ်။

နိုင်ငံတစ်ခုတွင် အကျင့်ပျက် ခြစားသူတို့မှာ အပြစ်ရှိပါတယ်။ သူတို့နဲ့ အတူ ပူးတွဲ အပြစ်ရှိသူတွေလည်း ရှိပါတယ်။ အကျင့်ပျက် ခြစားသူတွေကို ရှောင်ကြဉ်ရေး၊ ဖယ်ကြဉ်ရေးအတွက် နိုင်ငံသားတိုင်း တာဝန်ရှိတယ်လို့ ဆိုချင်ပါကြောင်း။

■

mgyoe.com

mgyoe.com SAMPLE BOOK

## အကျင့်ပျက်ခြစားမှုကို ပတ်ဝန်းကျင်ဗဟိုပြု နည်းလမ်းဖြင့် တိုက်ဖျက်ခြင်း ဆိုသည်မှာ

အကျင့်ပျက်ခြစားမှု၊ စာရိတ္တပျက်ယွင်းမှု ဆိုသည်ကတော့ လုံးဝ မကောင်းသော်လည်း တကယ်တမ်း မိမိရရ ပိုင်ပိုင်နိုင်နိုင်နဲ့ ခြစားခွင့်ရပြီ ဆိုရင်တော့ သူဌေးကြီးများ ဖြစ်ကုန်ကြပါ၏။ သူဌေးလုပ်ရတာ မကောင်းဟု ဆိုဖို့တော့ နည်းနည်းခက်ပါ၏။ သမ္မာအာဇီဝနဲ့ ဖြစ်လာတဲ့ သူဌေးကတော့ သူ၏ ဘဝမှာ အများကြီး ရုန်းကန်ရမှာပါ။ ခြစားပြီး ဖြစ်လာတဲ့ သူဌေးကတော့ ဘယ်လောက် ဇိမ်ကျလိုက်မလဲ တွေးကြည့်နိုင်ပါ၏။ တကယ်တမ်း ကမ္ဘာ့အဆင့် ခြစားတဲ့ သူဌေးကြီးတွေဆိုရင် ဒေါ်လာသန်းချီတန်တဲ့ ကိုယ်ပိုင်ရွက်လှေ၊ ကိုယ်ပိုင်လေယာဉ်နဲ့၊ ကိုယ်ပိုင်ဂေါက်ကွင်းနဲ့၊ ချစ်သူထည်လဲ တွဲလို့၊ ဆိဉ်းထောပတ်စားလို့ ဆိုတော့ သူ့ဘက်ကတော့ ကောင်းတယ်ပြောမှာပါ။ ဒါကြောင့် ခြစားသူ ကာယကံရှင်ကို ခြမစားနဲ့လို့ ပြောရန် မလွယ်ပါ။ ကောင်းနေတာကိုး။ စာရိတ္တပျက်သူကို မပျက်နဲ့လို့ မပြောဘဲ သူ့ရဲ့ ပတ်ဝန်းကျင်က အရေးယူလိုက်ပုံကို ကျွန်တော့်ဘဝမှာ တွေ့ဖူး၏။ ဒီတော့ စာရိတ္တပျက်သူတွေ ကောင်းပင်ကောင်းငြား ဇိမ်တွေ့သော်လည်း ဇိမ်တွေ့တာတွေ ကောင်းတာတွေကို စွန့်လွှတ်ခဲ့ဖူးပါ၏။

mgyoe.com

mgyoe.com SAMPLE BOOK

## စာရိတ္တပျက်တဲ့ ရွာတစ်ရွာကို ပတ်ဝန်းကျင်ကျေးရွာတွေက ဆုံးမလိုက်ပုံ

လွန်ခဲ့တဲ့ အနှစ် ၂၀ လောက်က ဖြစ်ပါ၏။ ကျွန်တော်သည် အမည်မဖော်လိုသော အညာဒေသတစ်ခု၏ ရွာကြီးတစ်ရွာတွင် ပုဂ္ဂလိက ဆေးခန်းဖွင့်ဖူး၏။ ၄င်းရွာကြီးကို အိမ်နီးချင်း ရွာသုံးဆယ်လောက်က ဝိုင်းရံထားပြီး ရမ်းကုတွေ ပေါသော်လည်း ဆရာဝန်ကတော့ ကျွန်တော် တစ်ဦးတည်းပါ။ ကျွန်တော်က အတွင်းလူနာ ဆေးခန်းဖွင့်၍ အတွင်းလူနာ ၁၀ ခုတင် ရှိ၏။ ဆေးရုံသဖွယ် ဖြစ်နေ၏။ ဥပမာ– ဦးနှောက်ငှက်ဖျားကဲ့သို့ ရောဂါမျိုးဆို ၁၀ ရက်၊ တစ်ပတ်ခန့် တည်းခိုရသဖြင့် ကျွန်တော်သည် ရွာသားတော်တော်များများနဲ့ တော်တော်လေးကို ခင်မင်ခဲ့ဖူးပါသည်။

ဤတွင် ကျေးရွာတော်တော်များများက ရွာသားအတော်များများသည် ဤဒေသထဲမှ အိမ်ခြေ ၁၅၀ ခန့် ရှိသော ရွာငယ်လေးတစ်ခုအကြောင်းကို တညီတညွတ်တည်း အတင်းပြောပါတော့၏။ ပြောပုံက ဒီလိုပါ။

"ဆရာရေ၊ ဆရာက ရန်ကုန်သား ဧည့်သည်ဆိုတော့ ကျွန်တော်တို့က နယ်ခံအိမ်ရှင်အနေနဲ့ ပြောသင့်တာတော့ ပြောထားရဦးမယ်။ ဆရာ့ဆီကို (×××ရွာ)က ကောင်တွေ ဆေးလာကုသေးလား" ဟု ဆိုပါ၏။

"တစ်ခါတလေတော့ လာတာပေါ့ဗျာ၊ ဘာဖြစ်လို့လဲ"

"ဒီကောင်တွေကို သတိထား ဆရာ။ ကောင်းတဲ့ကောင်တွေ မဟုတ်ဘူး။ ဒီကောင်တွေက သူများပစ္စည်းခိုးတာ သိပ်ဝါသနာပါတာဗျ။ ဒီကောင်တွေ ဆရာ့ဆီကို အကြွေးနဲ့ ဆေးကုရင်လည်း ကုမပေးနဲ့နော်"

"ဘယ်လို ဖြစ်တာလဲဗျ"

"ဒီလိုပါ ဆရာ၊ ဒီကောင်တွေက လယ်ပိုင်မရှိဘူး ဆရာ။ စုဆောင်းပြီး ဝယ်ဖို့လည်း စိတ်မကူးဘူး။ လယ်ယာမလုပ်ဘူး ဆရာ။ သူတို့ရဲ့ အသက်မွေးဝမ်းကျောင်းက သူများ ယာတွေ လယ်တွေထဲက သီးနှံကို ခိုးတာ ဆရာ။ ခိုးတဲ့နေရာတော့ စပါယ်ရှယ်လစ်ပဲ ဆရာရေ"

"ခင်ဗျားတို့က သူခိုးကို မဖမ်းဘူးလား"

"ဒီလိုပါ ဆရာ၊ ဒီဒေသက ရေတိသီး၊ မြေပဲ၊ နှမ်း၊ စပါး၊ ဝါ အစုံထွက်တယ်။ ဆည်ရေသောက်ဒေသ ဆိုတော့ ချောင်လည်တယ် ဆရာ။ တောင်သူတွေက နေ့ခင်းမှာ အလုပ်ကြမ်းလုပ်ရတော့ ပင်ပန်းပြီး ညကျရင် တုံးခနဲနေအောင် အိပ်တယ် ဆရာ။ နေ့ခင်းက ပင်ပန်းထားတော့ ညဘက်မှာ ကင်းမစောင့်နိုင်ဘူး။

သူတို့က နေ့ခင်းဘက်မှာ သိုးနေအောင် အိပ်ထားပြီး ညဘက်ကျတော့ အားအင်တွေ ပြည့်နေတာပေါ့ ဆရာ။ အဲဒီတော့ အိပ်ငိုက်နေတဲ့ လယ်စောင့်တဲ ရှေ့ကဖြတ်ပြီး သီးနှံခိုးတော့တာပဲ ဆရာရေ။ ညနေဘက်အားရင် လောက်လေးခွပစ်တာ ကျင့်တယ်။ တစ်ခါက သူများယာထဲ ဝင်ခိုးတုန်း ကင်းတဲက နိုးလို့ ငါးတောင့်ထိုး လက်နှိပ် ဓာတ်မီးနဲ့ ထိုးကြည့်ပြီး ဘယ်သူလဲဟေ့လို့ မေးရုံရှိသေးတယ်။ ဒီကောင်တွေက လောက်လေးနဲ့ ဓာတ်မီးမှန်ကို လှမ်းပစ်တာ ဆရာရေ၊ တည့်လိုက်တဲ့လက်ဆိုတာ ခွမ်းခနဲ ဓာတ်မီးမှန်ကွဲသွားတယ်။ နံနက်ပိုင်းမှာ တခြားရွာက ရွာသားတွေ ထယ်ထိုး ရင် သူတို့က အပြေးကျင့်တယ် ဆရာ။ တန်းမြင့်ခုန်တာ ကျင့်တယ်။ သူများ ယာထဲ ဝင်ခိုးတုန်း ယာရှင်က တွေ့လို့ လိုက်ရင် အပြေးသန်လိုက်တာ ဆရာရယ် ခွေးတောင် လိုက်လို့မမီဘူး။ ခြံစည်းရိုးတွေ့ရင် ခုန်သွားတာများ လွှားခနဲ လွှားခနဲ နေတာပဲ''

''ထူးဆန်းလှချေလား''

''ဒါတင်ဘယ်ကမလဲဗျာ။ ဒီကောင်တွေ နွမ်းခိုးပုံက ညက်လှတယ်''

''ဆိုစမ်းပါဦး''

''ဆရာကတော့ ထင်မှာပေါ့။ နွမ်းခိုးတာဆိုရင် သူများရွာထဲဝင်လာပြီး နွမ်းတောင်းကြီးတွေ ထမ်းပြေးတယ် ထင်မှာပဲ။ တကယ်တော့ မဟုတ်ဘူး ဆရာ။ ဒီကောင်တွေက ရွာထဲမဝင်ဘဲ နွမ်းခင်းထဲသွားတာ ဆရာ''

''မရိတ်ရသေးတဲ့ နွမ်းပင်ပေါ်က နွမ်းကို ဘယ်လို ခိုးလဲဗျ''

''ဒီလို ဆရာရေ၊ သူတို့ရွာကထွက်တော့ လူသုံးလေးယောက်စုပြီး အညာစောင်ရယ်၊ သံဘီးစိပ်ရယ်၊ တံစဉ်ပဲ ပါတယ်။ ကျွန်တော်တို့က နက်ဖြန် သန်ဘက် ရိတ်တော့မယ့် ဆဲဆဲ နွမ်းခင်းကို ဒီကောင်တွေက ညဘက်ကြို့ရိတ်တော့ တာပဲ ဆရာ။ ပြီးရင် အညာစောင်ကို မြေကြီးပေါ်ဖြန့်ခင်းပြီး နွမ်းစေ့တွေကို အပင် ကနေ ဘီးစိပ်နဲ့ ခြစ်ချတော့တာပဲ ဆရာ။ နွမ်းတွေရတော့ အညာစောင်နဲ့ ထုပ်ပြီး နွမ်းဆီစက်ရှိတဲ့ မြို့ကို ထမ်းပြေးတော့တာပဲ ဆရာ။ မြို့ရောက်တော့ မိုးလင်းပြီ။ ဆီစက်မှာ နွမ်းကိုအပ်ပြီး တစ်ခါတည်း ကြိတ်ခိုင်းတယ်။ နွမ်းဆီပုံးလိုက်ရရင် မြို့ကကုန်စုံဆိုင်မှာ တစ်ခါတည်း ရောင်းခဲ့ပြီး မြို့ပေါ်မှာ ဈေးဝယ်၊ ခေါက်ဆွဲကြော် စား၊ ဆံပင်ညှပ်၊ ဖာလူဒါသောက်ပြီးမှ ရွာကို ပြန်တာ ဆရာရေ့''

''တယ်ဟုတ်ပါလားဗျ''

''နွားခိုးရင်လည်း လျင်တယ် ဆရာ။ သူများရွာက နွားကို လစ်ရင် သူတို့ရွာထဲ ဆွဲသွင်းသွားတာပဲ။ ပြီးရင် နွားကို ပေါ်လိုက်တာများ မြန်လိုက်တာ

mgyoe.com

mgyoe.com

ဆရာရယ်။ တစ်ခါကတော့ နွားကို သူတို့ရွာထဲ ဆွဲသွင်းသွားတာ မြင်တဲ့လူက မြင်လို့ အနီးဆုံးရဲစခန်းက ရဲကိုခေါ်ပြီး ရွာထဲဝင်ရှာတော့ မတွေ့တော့ဘူး ဆရာ။ မသင်္ကာတဲ့ အိမ်တစ်အိမ် ဝင်ရှာတော့ နေမကောင်းတဲ့ ကလေးကို ပုခက်ထဲမှာ စောင်နဲ့အုပ်ပြီး ပုခက်လွဲနေတဲ့ မိန်းကလေးပဲ တွေ့တယ်။ နောက်တော့မှ သိရတာက ပုခက်ထဲက စောင်နဲ့အုပ်ထားတဲ့ ကလေးဆိုတာ အမဲသား ပေါင်တုံးကြီးပါ ဆရာ။ အဲဒီ မိန်းကလေးကလည်း ထဘီရင်ရှားလုပ်ထားတော့ ရဲကလည်း အိပ်ခန်းထဲက ကလေးပုခက်နား မသွားတော့ဘူး ဆရာ။ အဲဒီလိုနဲ့ စိတ်ဆင်းရဲတာများပါပြီ ဆရာရယ်''

''ခင်ဗျားတို့ စိတ်ဆင်းရဲနေရတာ ဘယ်လောက် ကြာပြီလဲ''

''အင်္ဂလိပ်ခေတ်ကတည်းကပါ ဆရာ''

''ဗျာ ... ဗုဒ္ဓေါ၊ ကျွန်တော် နားမလည်ဘူး''

''တကယ်ပါ ဆရာ၊ အင်္ဂလိပ်ခေတ်ကတည်းက၊ သူတို့ ဘိုးအေ လက်ထက်ကတည်းက ကျွန်တော့်ဘိုးအေရဲ့ နွားကို ခိုးတယ်။ သူ့အဖေ လက်ထက် ကျတော့ ကျွန်တော်တို့ဖအေရဲ့ နွမ်းတွေကို ရိတ်သွားတယ် ဆရာ''

''ခင်ဗျားတို့ ဒုက္ခက မသေးပါလား''

''အခု ဒီကောင်တွေ နည်းနည်းလိမ္မာနေပြန်ပြီ ဆရာ။ ရာနှုန်းပြည့်တော့ စိတ်မချရသေးဘူး''

''ဘယ် ဆရာတော်ဘုရားက တရားဟောပြီး ချွတ်လိုက်လို့ ကျွတ်တမ်း ဝင်တာလဲ''

''ဆရာတော် ဆုံးမတာ မဟုတ်ဘူး။ ဖြစ်ချင်တော့ သူတို့ရွာက ယောကျ်ားလေး တစ်ဦးနဲ့ ကျွန်တော်တို့ရွာက မိန်းကလေးတစ်ဦး ရည်ငံတယ် ဆရာ။ ဒီတော့ သူတို့က မိသားဖသားပီပီ လာတောင်းတယ် ဆရာ။ ကျွန်တော်တို့ ရွာက (××× ရွာ)က ဆိုရင်တော့ မပေးစားဘူးဆိုပြီး ငြင်းလိုက်တယ် ဆရာ''

''ဟုတ်ကဲ့''

''တခြားရွာတွေနဲ့လည်း လူငယ်တွေကို ကြောင်းလမ်းတဲ့အခါ (×××ရွာ) က ဆိုရင် လက်မခံကြတော့ဘူး ဆရာ။ ဒါက မထင်မှတ်ဘဲ ဖြစ်သွားတာပါ ဆရာ။ သူတို့ကို ဝိုင်းပြီး ကြဉ်သလို ဖြစ်သွားတယ်ဆရာ။ သူတို့ရွာက သာရေး နာရေးဆိုရင် ကျွန်တော်တို့ မသွားတော့ဘူး ဆရာ။ ကျွန်တော်တို့ရွာက သာရေး နာရေး ဆိုရင်လည်း သူတို့ကို မဖိတ်တော့ဘူး။ ဒီတော့ ဒီကောင်တွေ မနေတတ် မထိုင်တတ်တွေ ဖြစ်ကုန်ကြတယ် ဆရာ''

mgyoe.com

"ဟုတ်လား၊ ဒီတော့ ဘာဆက်ဖြစ်ကြသေးလဲ"

"ဒီကောင်တွေ လန့်ပြီး သူတို့ကိုတော့ မကြည့်ပါနဲ့၊ နောက် မခိုးတော့ပါဘူး ဆိုပြီး ဘေးရွာတွေကို လာပြောတယ် ဆရာ"

"ဟုတ်လား၊ ခင်ဗျားတို့က ဘယ်လို တုံ့ပြန်လဲ"

"လောလောဆယ်တော့ ဒီကောင်တွေက ယာမရှိတော့ ကျွန်တော်တို့က သူရင်းငှား ခန့်ထားတယ် ဆရာ။ ပြောလည်း ပြောထားတယ်။ ပစ္စည်းပျောက်ရင် မင်းတို့ပဲလို့ ပြောထားလို့ လောလောဆယ်တော့ အပိုးကျိုးနေကြတယ် ဆရာ။ ရာနှုန်းပြည့်တော့ စိတ်မချရသေးဘူး"

ရွာသားတွေက ထိုသို့ပြောသောအခါ ကျွန်တော် သိလိုက်ရသည်ကတော့ သူတို့က Discrimination Method ခေါ် ဝိုင်းကြည့်ခြင်း ဗျူဟာကို သုံးလိုက်တာပါ။ ထိရောက်မှုရှိကြောင်း တွေ့ရပါ၏။

တစ်ခါတုန်းကတော့ ရန်ကုန်မြို့မှာ ဖြစ်ပါသည်။ ကလေးတစ်ဦး၏ မွေးနေ့သို့ ဖိတ်၍ ကျွန်တော် သွားဖူး၏။ ကလေးအတွက် မွေးနေ့လက်ဆောင်ရယ်လို့ ငါးထောင်လောက်တန်တဲ့ အရုပ်တစ်ရုပ်ကို ဝယ်သွားဖူး၏။

အခြားသူတွေလည်း လာကြရာ သမ္မာအာဇီဝနဲ့ လုပ်စားကြတဲ့ သူတွေလည်း သူတို့တတ်နိုင်သလောက် နှစ်ထောင်တန်၊ သုံးထောင်တန်၊ ငါးထောင်တန်လောက် လက်ဆောင်တွေ ဝယ်လာ၏။ ထိုစဉ် မွေးနေ့ပါတီရှိရာ အိမ်သို့ ဒေါ်လာငါးသိန်းလောက်တန်တဲ့ ကားကြီးတစ်စီး ထိုးဆိုက်လာ၏။ ကားပေါ်က အမျိုးသမီးတစ်ဦး ဆင်းလာရာ သူကတော့ အကျင့်ပျက်ခြစားသူ တစ်ယောက်၏ ဇနီးပါ။ ကျပ်ငွေ သုံးသိန်းလောက်တန်တဲ့ မွေးနေ့လက်ဆောင်ထုပ်ကို ပိုက်၍ ကားပေါ်က ဆင်းလာရာ မွေးနေ့ရှင် ကလေးမိဘတို့ ပျာယာခတ်ပုံကတော့ -

"ဟဲ့ ... ဟဲ့ သမီးရေ၊ ညည်းအစ်မလာတယ်၊ သွားကြိုပါဦး"

"သြော် ... ကြွပါရှင် ကြွပါ"

"ဟာ ... အစ်မရယ် လာမှ လာပါ့မလားလို့"

"ဟော့ ... အစ်မအတွက် စားပွဲပြင်ပါဟော့၊ မုန့်တွေချတော့"

"သမီးရေ၊ ညည်းအစ်မဝိုင်းမှာ ဘာလိုလဲ ကြည့်ပေးနေဦး"

"အစ်မကို ယပ်တောင်ပေးပါဦး"

စသဖြင့် ပျာယာခတ်ပြီး အခြားဧည့်သည်တွေမှာ မတွေ့ရတဲ့ အထူးမုန့်အချို့ကို ထုတ်ပြီး ချကျွေးရာ အခြားဧည့်သည်များ အင်တင်တင်၊ အမ်းတန်းတန်း ဖြစ်ရပါ၏။ ခြစားပါတယ် ဆိုခါမှ ခြစားတဲ့သူကို "အစ်မရယ် အစ်မရယ်" နဲ့

mgyoe.com

mgyoe.com SAMPLE BOOK

ဝိုင်းပြီး 'မ'ကြတော့ ခြစားတာကို အားပေးတဲ့ ပတ်ဝန်းကျင် ဖြစ်နေ၏။ ခြစားသူကလည်း ခြစားတာဟာ ဂုဏ်ရှိတယ်လို့ ထင်သွားပါ၏။ တကယ်တော့လည်း ကျွန်တော်ကိုယ်တိုင် အညာဒေသတွင် စာရိတ္တမကောင်းတဲ့သူတွေကို ဆက်ဆံတဲ့ ပုံစံကတော့ သူတို့ကို အဖက်မလုပ်တော့ခြင်း ဖြစ်ပါ၏။ ပတ်ဝန်းကျင်က ဝိုင်းကြည့်လိုက်တာပါ။ အဲဒါကတော့ ပတ်ဝန်းကျင်ဗဟိုပြု ခြစားခြင်း တိုက်ဖျက်နည်းပဲ ဖြစ်ပါကြောင်း။

mgyoe.com